ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

**National Community Driven Development Project**
**လူထုဗဟိုပြုစီမံကိန်း၊ လှိုင်းဘွဲ့မြို့နယ်**

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်




## ဆင်ကူးကျေးရွာအုပ်စု
## မြိုင်သာယာကျေးရွာ

လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ် ၂၀၁၉


# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | လိုင်းဘွဲ့မြို့နယ်အခြေပြမြေပုံ ............................................................................ | ၁ |
| ၂။ | ကျေးရွာမြေပုံ (တည်နေရာ) ............................................................................ | ၂ |
| ၃။ | အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း ............................................................ | ၃ |
| ၄။ | ကျေးရွာအခြေခံအချက်အလက်များ (ကျေးရွာသမိုင်းကြောင်း) ............................ | ၄ |
| ၅။ | လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်း<br>လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်ဇယား ...................................... | ၉ |
| ၆။ | ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools<br>တစ်ခုချင်းစီအတွက် သုံးသတ်ချက်များ | |
| | ၁။ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map) ................................ | ၁၀ |
| | ၂။ ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander) ................................................ | ၁၂ |
| | ၃။ ဥစ္စာခနကြွယ်ဝမှုပြဇယား (Wealth Ranking) ........................................ | ၁၄ |
| | ၄။ ကျားမ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web) ............................................... | ၁၆ |
| | ၅။ အရင်းအမြစ်အသုံးချမှုပုံစံပြဇယား(Asset Mapping) ................................ | ၁၈ |
| | ၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram).................................. | ၂၁ |
| ၇။ | ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း .... | ၂၄ |
| ၈။ | ကျေးရွာအချက်အလက်များ(PC 1) ........................................................................ | ၂၅ |
| ၉။ | စီမံကိန်းစက်ဝန်းအချိန်ဇယား(PC 2) ................................................................. | ၂၉ |
| ၁၀။ | ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် (PC 3) ....................................................... | ၃၀ |
| ၁၁။ | အစည်းဝေးမှတ်တမ်းများ ........................................................................ | ၃၃ |
| ၁၂။ | ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ ........................................................ | ၃၅ |

## ၁။ လှိုင်းဘွဲ့မြို့နယ်အခြေပြမြေပုံ



## ၂။ ကျေးရွာမြေပုံ (တည်နေရာ)



မိုင်(၂၀)မှ ဆင်ကူးကျေးရွာ၊ နို့ထဘောင်ကျေးရွာအထိ လမ်းကြောင်းပြ
မြေပုံကြမ်း
မ
တ
ညွှန်ပြချက်
၁။ စီမံကိန်းပြုလျာထားလမ်းမြေ ----
၂။ တံတား ----
၃။ ကျေးရွာ ---
၄။ လျာထားခေါက်လုပ်မည့်လမ်းအရှည် - မိုင်(၂၀)မှ နို့ထဘောင်ကျေးရွာ(၅)မိုင်(၅၃)
၅။ ဆောက်လုပ်ပြီးတံတား ---- တံတား(၁၊၄၊၆)
၆။ မြစ် ---

## ၃။ အုပ်စုတွင်ပါဝင်သော ကျေးရွာများစာရင်း

၁။ ဆိတ်ဖူးကုန်း

၂။ ဆင်ကူး (ကရင်စု)

၃။ ဆင်ကူး (ကုလားစု)

၄။ နို့ထဘောင်

၅။ မြိုင်သာယာ

၆။ ကိုမောင်

၇။ အောက်ပိန္နဲတော

## မြိုင်သာယာရွာ၏သမိုင်းဖြစ်စဉ်အကျဉ်း

လွန်လေခဲ့သောနှစ်ပေါင်းတစ်ရာကျော်ခန့်က ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ နောင်ကျန်ကျေးရွာသည် မငြိမ်းချမ်းသေးပေ။ နောင်ကျန်ရွာသည် သံလွင်မြစ်နှင့် ဒုံသမီမြစ်ကြား၌ ကျေးရွာများထဲမှ ရွာလေးတစ်ရွာဖြစ်သည်။ ကျေးလက်တောရွာများတွင်နေထိုင်သူများသည် ချောင်ချောင်လည်လည်နေရသည်ဟူ၍ မရှိချေ။ စစ်ပွဲများသည် သူတို့ကို အမြဲလိုလိုကြုံတွေ့လေ့ရှိသည်။ ထိုစစ်ပွဲသံများသည် ၁၂လရာသီပွဲတော်ကျင်းပနေသည့်အလား ၁၂ရာသီလုံးလုံး သေနတ်သံများဖြင့် စည်ကားနေပါသည်။ ထိုကဲ့သို့သော ကပ်ဆိုးဆိုက်ရောက်နေသော အခြေအနေမျိုးမှာ မည်သူမျှ စိတ်အေးချမ်းစွာနေထိုင်နိုင်မည်မဟုတ်ပါ။ စိုးရိမ်ထိတ်လန့်ကြောက်ရွံ့စိတ်များဖြင့် ဘဝအသက်ရှင်နေထိုင်ကြရသည်။ ထိုကဲ့သို့သော အခြေအနေမျိုးကို ခုခံရင်ဆိုင်ရန် အိမ်အောက်တွင် မြေကျင်းများတူးထားကြပြီး "နိုင်း" ဟူသောအသံကြားသည်နှင့် တစ်ပြိုင်နက် သူတို့တူးထားသော မြေကျင်းထဲသို့ ဝင်ဆင်းရန် အသင့်ဖြစ်နေတတ်ကြသည်ဟု ရွာလူကြီးများ၏ အဆိုအမိန့်အရ သိရှိရပါသည်။

ထိုအခြေအနေမျိုးကို ငြီးငွေ့သွားသော အဘိုး ဦးသက်သူနှင့် အဘွား ဒေါ်တောတေ့တို့မိသားစုသည် သေနတ်သံ၊ စစ်သံကြားက ရုန်းထွက်ရန် နောင်ကျန်ရွာမှ ထွက်ခွာရန်ကြံလေသည်။ ဦးသက်သူနှင့် ဒေါ်တောတေ့တို့သည် မိမိတို့နေထိုင်ရာဒေသကို ရှာရင်းရှာရင်းဖြင့် ယခု လှိုင်းဘွဲ့မြို့နယ်၊ ရေပူအုပ်စုသို့ ရောက်ရှိလာသည်။ ထိုအချိန်သည် လူဦးရေနည်းနေသေးသည့်အားလျော်စွာ လူသားအချင်းချင်းလည်း ကူညီကြရှာသည်။ လူသားချင်း စာနာထောက်ထားကြသည်။ မြေကွက်များမှာလည်း သူပိုင်သည် ကိုယ်ပိုင်သည်ဟူ၍ မရှိပဲ ခြုံနွယ်များကို ခုတ်ထွင်ရှင်းလင်းလျှင် ရှင်းသလောက် ထွန်ယက်စိုက်ပျိုးလို့ရသည်။ လယ်ယာထွက်ကုန်ပစ္စည်းများကိုလည်း ရောင်းချခြင်းမရှိပဲ သူ့မြေထွက် ကိုယ့်မြေထွက်များကို လဲလှယ်စားသောက်ခြင်းဖြင့် ဘဝကို ရိုးရှင်းစွာ အသက်မွေးဝမ်းမြောက်ကြသည်။

ဦးသက်သူနှင့် ဒေါ်တောတေ့တို့မိသားစုတို့သည် သူတို့ကျွမ်းကျင်သော လယ်ယာလုပ်ငန်းကို လုပ်ကိုင်ရန် ကုန်းတစ်ကုန်းတွင် အခြေစိုက်ပြီး တောင်ယာများကို ခုတ်ထွင်ရှင်းလင်းထားလေသည်။ ထိုအချိန်သည် မြန်မာ

သက္ကရာဇ် ၁၂၇၆ ခု တပို့တွဲလတွင်ဖြစ်သည်။ ဦးသတ်သူနှင့်ဒေါ်တောတောတို့ အခြေချနေထိုင်ခဲ့သောကုန်းကို အောကားကုန်းဟုခေါ်သည်။ အောကားကုန်းသည် သစ်ပင်ကြီးများဖြင့် အုပ်ဆိုင်းပြီး တိတ်ဆိတ်ငြိမ်သက်သောနေရာတစ်နေရာ ဖြစ်ပါသည်။ မိုးတွင်းအခါတွင် ရေများဖြင့်ပတ်လည်ဝိုင်းထားပြီး လှပသောကျွန်း လေးတစ်ကျွန်းသဖွယ်ရေပြင်တွင်တည်ရှိနေပါသည်။ အောကားကုန်းဟုခေါ်ရသော အကြောင်းအရင်းမှာ ယခုလက်ရှိကျွန်ုပ်တို့ရွာ(အောကားကုန်း)နှင့် မနီးမဝေးတစ်နေ ရာတွင် တောပုန်းမိသားစုတစ်စုရှိလေသည်။ ထိုတောပုန်းမိသားစုသည် ယခုလက်ရှိ ဦးဖောဒဲကော်ဟုခေါ်သောဦးဖောတဲကုန်းတွင်နေထိုင်ခဲ့သည်။ တောပုန်းမိသားစုတွင် "နော်အောကား"ဟုခေါ်သော သမီးလေးတစ်ယောက်ရှိသည်။ တစ်နေ့တွင်ထိုမိန်းမပျို လေးသည် အဝတ်လျှော်ရန် အင်းသို့သွားလေသည်။ သူမသည်အဝတ်လျှော်ရင်း သတိ လက်လွတ်ဖြစ်သွားချိန်တွင် မိကျောင်းဆွဲသွားလေသည်။

ထိုအခါဦးဖောသည် သူ၏ချစ်လှစွာသောသမီး နော်အောကား သေဆုံးခဲ့သော နေရာလေးကို နောင်လာနောက်သားများ အမှတ်ရပါစေ၊ သူလိုပဲ အလွမ်းအဆွေးများနဲ့ ရောယှက်နေတဲ့နေရာဖြစ်တဲ့အတွက် သူ၏သမီးဝေါင်းချခဲ့တဲ့နေရာလေးကို အောကားအင်း ဟုအမည်ပေးလိုက်လေသည်။ ကရင်လိုအခေါ်ကား "အောကားနို့" ဖြစ်သည်။ ၎င်းအောကား အင်းသည် ဦးသတ်သူနှင့်ဒေါ်တောတောတို့နေထိုင်သောကုန်း၊ နှင့်မနီးမဝေးတွင်ရှိ သောကြောင့် ထိုကုန်းကိုလည်း အောကားကုန်းဟုအမည်ပေးလိုက်လေသည်။

ရှေးလူကြီးများက အောကားကုန်းကို နောက်တစ်မျိုး ယက္ခကုန်းဟုခေါ်ကြ သေးသည်။ အောကားကုန်းသည် လူသားတွေ သာမန်မျက်စိဖြင့် မမြင်နိုင်သောယက္ခ ဘီလူးများ၊ ပန်းတားဘီလူးများ ကျင်လည်ကျက်စားရာနေရာလည်းဖြစ်သည်။ ထိုပန်းတား ဘီလူးများသည် ဖါးမရဲတောင်၊ ဝါးဖျံတောင် (သောကသဲယ်ဖုသ်)၊ အောကားကုန်း တစ်လျှောက်တွင်ကျင်လည်ကျက်စားနေကြသည်ဟုလည်း ရှေးလူကြီးများကဆို မိန့်ခဲ့ကြပါသေးသည်။ ထိုပန်းတားဘီလူးများသည် ယခုထက်တိုင် ထိုနေရာများ တွင်ရှိနေသေးသည်ဟုဆိုကြသည်။ ကျွန်ုပ်တို့ရွာ၏ ထူးခြားချက်မှာ အရက်ချက်သူ မရှိသလို အရက်လုံးဝရောင်းလို့ မရသောနေရာလည်းဖြစ်သည်။

ဦးသက်သူနှင့်ဒေါ်တေတေဝတို့မိသားစုသည် အေးချမ်းစွာနေထိုင်ရင်း ၃ နှစ်ကြာအချိန်လေးကို ကုန်ဆုံးသွားမှန်း မသိကုန်ဆုံးသွားလေသည်။ ဦးသက်သူနှင့်ဒေါ်တေတေဝတို့မှာ သားသမီး ၉ ယောက်ရှိကြပြီး ၇ ယောက်မှာ ယောက်ျားလေးများ ဖြစ်ကြသည်။ ထိုသား ၇ ယောက်ထဲမှာ ၅ ယောက်သည် ဘုန်းကြီးဝတ်ဖြင့် သာသနာတော်တွင်နေထိုင်ကြသည်။ အခုတို့မိသားစုသည် ဗုဒ္ဓဘာသာဝင် ဘိုးဘွားတို့ရောက်ရှိသော နေရာလေးမှာ သာသနာမညှိုး ဖွံ့ဖြိုးရအောင် သူတို့ရွာတွင် ဘုန်းကြီးကျောင်းဆောက်ရန် စိတ်ကူးလေသည်။ ဘုန်းကြီးကျောင်းဆောက်ရန် ဆင်ကူးကျေးရွာ၊ ယာကွက်ကုန်းရွာ၊ အထက်ရေပူကျေးရွာ၊ တောင်သရက်ကုန်းရွာမှ ကျောင်းဒကာများစုပေါင်းပြီး ဘုန်းကြီးကျောင်းကိုတည်ထောင်ခဲ့သည်။ ဘုန်းကြီးကျောင်း တည်ထောင်သည့် ၃ နှစ်မှာ ၁၉၈၀ ၃၊ တပေါင်းလပြည့်နေ့ဖြစ်သည်။ ဆင်ကူးကျေးရွာနေ ကျောင်းဒကာကြီးဦးတေပိုးသည် ဘားအံမြို့နယ် ရသေ့ပျံရွာမှ သက်သတ်လွတ်စား ဆရာတော်ဦးသူရိယကိုပင့်ဆောင်ကာ ခေါ်ဆောင်လာခဲ့သည်။ ထိုအချိန်တွင် ယာကွက်ကုန်းရွာသည် အိမ်ခြေ (၂၀)လုံးမျှသာရှိပါသေးသည်။

ဆရာတော်ဦးသူရိယသည် အကျွန်ုပ်၏ကျောင်းကို မည်သို့သောနာမည်မျိုးကို သမုတ်ပေးရင်ကောင်းမည်နည်း ဟုစဉ်းစားကာ သူ၏ဘုန်းကြီးကျောင်းဝင်းကိုလိုက်လည်ကြည့်ရှုပြီး ငြိမ်းသာယာကျောင်းသာသနာရိပ်သာဟု အမည်ပေးလိုက်လေသည်။ ထိုအချိန်တွင် ကျွန်ုပ်တို့ရွာသည် ငြိမ်းသာယာဆိုတဲ့ ဂုဏ်ပုဒ်နဲ့ ညီညွတ်အောင် အလွန်သာယာလှပါသည်။ သစ်ပင်ကြီးများဖြင့် အုပ်ဆိုင်းနေပြီး တောတွင်းနေ တိရစ္ဆာန်အချို့တို့သည်လည်း သဘာဝအတိုင်း ကျင်လည်ကျက်စားနေကြသည်။ သစ်ပင်ကြီး၊ သစ်ပင်လတ်ပေါ်မှ သင့်ရှိပေါက်သော လက်တံတို၊ လက်တံရှည်၊ ကြောင်မြီးတို၊ ကြက်တူရွေး၊ ကြယောင်းပန်း၊ ရွှေတူပန်း၊ ငွေတူပန်း၊ သဇင်ပန်း၊ စသည့်သစ်ခွပန်းများသည်လည်း သူ့ရာသီနှင့်သူ မှင့်လန်းဝေဆာနေကြပါသည်။ ထိုထိုသောပန်းများသည် အရောင်အသွေးစုံသလို သင်းရနံ့များလည်း စုံလင်လှပါသည်။ သစ်ပင်၏အခက်ကြီးပေါ်မှ နေရာယူထားသော သဇင်ပန်းကလေးများသည်လည်း မေတ္တာချက်အဝင်တွင် အလှပလှပ ရင်းဖော်သူတို့အဖို့ လေသယ်ဆောင်သော သူ၏ပန်းရနံ့ သင်းသင်းကလေးများက အမှတ်ရစေပါသည်။ တိတ်ဆိတ်ငြိမ်သက်သော တောမြိုင်ထဲတွင် ငှက်ကလေးများ၏ တေးဆိုသံ၊ ငှက်၏ အသံများကိုသည်လည်း နားဝင်ပီသာယာလှပါသည်။

ဆရာတော်ဦးသုရိယသည် သက်သတ်လွတ်စားသည့်အတွက် မြိုင်သာယာကျောင်းသည် သက်သတ်လွတ်ကျောင်းဖြစ်လာသည်။ ဆရာတော်သည် ဘုရားတည်သည်၊ ကျောင်းဆောက်သည် နိဗ္ဗာန်လှည့်ပြီး ကျောင်းဆောက်သည်။ ကျေးရွာရှိလူငယ်များ ပညာသင်နိုင်ရေးအတွက် ဘုန်းကြီးကျောင်းသင်ပညာရေးပို့ချပေးသည်။ ဆရာတော်သည် (၂၃)နှစ်ကြာ သာသနာ့လုပ်ငန်းကို ထမ်းဆောင်လာခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၀၃ ခုနှစ် တော်သလင်းလတွင် ပျံလွန်တော်မူသွားလေသည်။ ဆရာတော်ဘုရားလက်ထက်မှစ၍ ဘုန်းကြီးကျောင်းသင်ပညာရေးကို ဆက်လက်ကျင့်သုံးလာခဲ့သည်။

ဆရာတော်ဦးသုရိယ ပျံလွန်တော်မူပြီးနောက်တွင် အထက်ရေပူရွာသား ဆရာတော်ဦးဣန္ဒာစာရ ကျောင်းပြန်ထိုင်သည်။ ဆရာတော်သည် သာသနာ့အကျိုးကို (၁၅) နှစ်တာဆောင်ရွက်ခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၁၈ ခုနှစ်၊ ဖြာသိုလ်လတွင် လူထွက်တော်မူလေသည်။ ဆရာတော်သည် ဗေဒပဒိတလုပ်ငန်းကိုလည်း ဆောင်ရွက်ခဲ့သည်။

ဆရာတော်ဦးဣန္ဒာစာရ လူထွက်သွားပြီးနောက်တွင် တောင်သရက်ကုန်းရွာသား ဦးကလျာဏ ကျောင်းပြန်ထိုင်သည်။ ဦးကလျာဏသည် မြိုင်သာယာကျောင်းတွင် ၄ နှစ်ကြာ သီတင်းသုံးနေထိုင်ခဲ့ပြီး တောင်သရက်ကုန်းမှ ဒကာများလာပင့်၍ တောင်သရက်ကုန်းသို့ ၁၃၂၂ ခုဝါဆိုလပြည့်နေ့တွင် ပြန်ကြွသွားလေသည်။

ဦးကလျာဏ တောင်သရက်ကုန်းသို့ ပြန်ကြွသွားပြီးနောက်တွင် မြိုင်သာယာရွာကို ကနဦးအစက ရောက်ရှိလာသော ဦးသတ်သူးနှင့် ဒေါ်တေတေတို့၏သား ဆရာတော်ဦးကိတ္တိမာမှ ကျောင်းထိုင်ဆရာတော်အဖြစ် ဆက်လက်တာဝန်ယူလေသည်။ ဆရာတော်ဘုရားသည် ဘုရားတည်၊ ကျောင်းဆောက်စသော သာသနာ့လုပ်ငန်းများကို ဆောင်ရွက်နေသည်။ ဆရာတော်ဘုရားလက်ထက် အဝီသည်ကို မောင်ရွာ၊ ဖိန္နဲတောရွာ၊ တောင်သရက်ကုန်းရွာရှိလူများသည် မြိုင်သာယာကျောင်းတွင်သာစုပြီး တပျော်တပါးကျောင်းလာတက်ကြသည်။ ကျောင်းသင်ပညာရေးသည် ရွာတွင်မရှိသေးပါ။ ဘုန်းကြီးကျောင်းသင်ပညာရေးကိုသာ မြဲမြဲထိုင်း သင်နေဆဲဖြစ်သည်။ သို့ပါသော်လည်း ဘုန်းကြီးကျောင်းသင်ပညာရေးသည် မိန်းကလေးများနှင့်

မသင့်လျော်ဟုစဉ်းစားမိလာသည့်အတွက် ဆရာတော်သည် ရွာသားများနှင့် တိုင်ပင်ပြီး
စာသင်ကျောင်းရွှေ့ထားရန်နေရာကောင်းကိုရှာဖွေခဲ့သည်။ ထိုအချိန်တွင် ဦးထွန်း၊ ရင်နှင့်
ဒေါ်မဒေါင်းတို့၏ မြေနေရာတစ်ခုသည် ဗဟိုကျပြီး၊ အချက်အချာကျသည့်နေရာ
ရွာလယ်ကျသည့်နေရာဖြစ်သည့်အတွက် ရွာသားများမှ [illegible] ၍ ဖက်မိုး[illegible]
[illegible] ဝါးကျောင်းလေးတစ်လုံး ဆောက်လုပ်လေသည်။ စာသင်ကျောင်းကို မြန်မာ
သက္ကရာဇ် ၁၃၄၂ ခုနှစ်တွင် အိပ်ဖူးကုန်းရွာနေ ဆရာဦးအောမောင်ရုံးမှ စ၍ကလေး
သူငယ်များကိုပညာသင်ကြားပေးကာ စာသင်ကျောင်းသည် မူလတန်းကျောင်းလေး
တစ်ကျောင်းအဖြစ်ယနေ့ထက်တိုင်ကလေးတွေပညာသင်ယူခွင့်ရရှိခဲ့လေသည်။

ဆရာတော်ဦးကိတ္တိမာသည် သာသနာအကျိုးကို နှစ်ပေါင်းကြာအောင်
သယ်ပိုးဆောင်ရွက်ခဲ့ပြီး အသက်အရွယ်ကြီးရင့်လာချိန်၊ အိုမင်းမစွမ်းဖြစ်လာ
ချိန်တွင်သူ၏ယုံကြည်စိတ်ချရသောတပည့် ဦးသီလာစာရကို မှာ၍ ကျောင်းကို
အပ်နှင်းလိုက်လေသည်။ ဦးသီလာစာရသည် ဆရာတော်အပေါ်တွင် ၃ နှစ်ကြာအလုပ်
အကျွေးပြုခဲ့ရပြီး မြန်မာသက္ကရာဇ် ၁၃၅၁ တပေါင်းလဆန်း (၁၁)ရက်နေ့တွင်
ဆရာတော်ဦးကိတ္တိမာပျံလွန်တော်မူသွားလေသည်။

ဆရာတော်ဦးကိတ္တိမာပျံလွန်တော်မူပြီးနောက်တွင် ဦးသီလာစာရသည်ကျောင်း
ထိုင်ဆရာတော်အဖြစ်သာသနာအကျိုးကိုဆောင်ရွက်လေသည်။ ဆရာတော်သည်ကျောင်းဆောက်
သည်၊ စေတီတည်သည်၊ လမ်းပမ်းဆက်သွယ်ရေးကောင်းမွန်စေရန်လည်း လမ်း
တံတားခင်းသည်။ ဆရာတော်သည်ကျန်းမာရေးချူချာလှသဖြင့် သက်သတ်လွတ်
စားခြင်းအစဉ်အလာကိုပယ်ဖျောက်ပြီး ဥပုသ်နေ့တစ်ရက်တွင်သာ သက်သတ်
လွတ်စားလေသည်။ ယခုအခါတွင် ဆရာတော်သည် သက်တော် (၇၀) ရှိပြီး ဆရာ
တော်၏ဦးဆောင်မှုဖြင့် လမ်းများသည်လည်းကောင်းသထက်ကောင်းမွန်လာပါသည်။
တပေအောက်တွင်ထူးချွန်သောကျောင်းသားများကိုလည်း ဆရာတော်မှထောက်ပံ့ပေး
လျက်ရှိပါသည်။ ဆရာတော်ဦးသီလာစာရ၊ ဦးခင်ဦးကြည်ဘာနှင့်ကျောင်းဒကာကြီး
ဦးမောင်စဝေတို့၏ဦးဆောင်မှုများဖြင့် ကိုမောင်နှင့်မြိုင်သာယာလမ်း၊ တောင်
သချိုင်းကုန်းနှင့်မြိုင်သာယာလမ်း၊ ရေပုနှင့်မြိုင်သာယာလမ်း စသည့်လမ်းများ
သည် အရင်ကထက်ပို၍ကောင်းမွန်လာသည်။ သို့သော်လည်း မိုးတွင်းတွင်
သွားလာ၍မရပါ။

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းစဉ် အကျဉ်းချုပ်ဇယား

လူထုဗဟိုပြုစီမံကိန်း

လူမှုဆန်းစစ်ချက် (PRA) နှင့် သက်ဆိုင်သော အချက်အလက်များ


ကျေးရွာအမည် ဖါးဇောကဗ

ကျေးရွာအုပ်စု ဘဲဇာ

| | ဆွေးနွေးခဲ့သော ရက်စွဲ | အကြောင်းအရာများ | ဆွေးနွေးသောအုပ်စုတွင်ပါဝင်သော သူများ အရေအတွက် (ကျား) | (မ) | ပါဝင်ခဲ့သူ အရေအတွက် |
|---|---|---|---|---|---|
| ၁ | 3-6-19 | လူမှုအရင်းအမြစ်မြေပုံနှင့် ဆန်းစစ်ချက်များ | 7 | 35 | 42 |
| ၂ | 3-6-19 | ချမ်းသာကြွယ်ဝမှုအဆင့်သတ်မှတ်ခြင်းနှင့် ဆန်းစစ်ချက်များ | 7 | 35 | 42 |
| ၃ | 3-6-19 | ကျေးရွာရှိအရင်းအမြစ်နှင့် ပိုင်ဆိုင်သုံးစွဲမှုနှင့် စီမံခန့်ခွဲမှုကဏ္ဍသုံးသပ်ခြင်းနှင့် ဆန်းစစ်ခြင်းများ | 7 | 35 | 42 |
| ၄ | 3-6-19 | ရာသီခွင်ဖြစ်စဉ်ပြက္ခဒိန်ရေးဆွဲခြင်းနှင့် ဆန်းစစ်ချက်များ | 5 | 17 | 22 |
| ၅ | 3-6-19 | ပစ္စည်းကိရိယာသုံးသပ်ခြင်းနှင့် ဆန်းစစ်ချက်များ | 12 | 40 | 52 |
| ၆ | 3-6-19 | ဖြစ်စဉ်ပုံ (ကျေးရွာတွင်ဖြစ်ပေါ်ခဲ့သည့် အရေးကြီးဖြစ်ရပ်များ) ဆန်းစစ်ချက်များ | 5 | 17 | 22 |

## ၆။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သောPRA tools တစ်ခုချင်းစီအတွက် သုံးသတ်ချက်များ

### ၁။ ကျေးရွာလူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ(Social Map)



## လူမှုရေး အရင်းအမြစ်ပြ မြေပုံ

## ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ကျေးရွာအုပ်စု ___အင်ကျူး___ ကျေးရွာ ___ကြို့ဘောဂ___ ရက်စွဲ ___3·6·19___

- တစ်ရွာလုံး ဗုဒ္ဓဘာသာကို ကိုးကွယ်ယုံကြည်ကြသည်။
- အဓိက အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအနေဖြင့် လယ်ယာလုပ်ငန်းကို လုပ်ဆောင်ကြသည်။ ဟင်းရုံလုပ်ငန်း၊ နေ့စားအလုပ်၊ လက်သမားအလုပ်၊ တံငါလုပ်ငန်းများကိုလည်း လုပ်ဆောင်ကြသည်။
- မိုးရာသီတွင် နှစ်စဉ် နွံတွင်းဖြစ်ရေ၊ ကွဲ၍သောကြောင့် သွားရေး၊ လာရေး အတွက် အခက်အခဲ ရှိသည်။ မိုးရာသီတွင် သွားရေးလာရေးအတွက် စက်လှေကိုသာ အသုံးပြုရသည်။
- နွေရာသီ၌ ရွာ၏ အဝေးသော နေရာ များတွင် သောက်သုံးရေ ရရှိရန် အခက်အခဲရှိသည်။
- ကျေးရွာ၏ အဓိက အခက်အခဲ များအနေဖြင့် လမ်းများ ရေကွဲ၍သောကြောင့် မိုးရာသီတွင် သွားရေးလာရေး အတွက် ဖြစ်သည်။

ပူးပေါင်းပါဝင်ဆွေးနွေးသူ- ကျား( 7 ), မ( 35 )

## ၂။ ရာသီခွင်ပြပြက္ခဒိန်(Seasonal Cleander)



## ရာသီခွင်ပြ ပြက္ခဒိန်


### ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ကျေးရွာအုပ်စု ဆင်ကူး၊ ကျေးရွာ မြို့ဘောဂယာ ရက်စွဲ 3.6.19

- ရွာတွင်ပုံမှန်ရာသီဥတုရှိသည်။
- နွေရာသီတွင်ပွဲတော်များနှင့်ဘုရားပွဲကျင်းပပေးကြသည်။
- လယ်ယာလုပ်ငန်းကို အမျိုးသားနှင့် အမျိုးသမီး တန်းတူလုပ်ဆောင်ကြသည်။
- ရွာတွင်အဓိကလယ်ယာလုပ်ငန်းကိုလုပ်ဆောင်ကြပြီး တံငါ၊ ထင်းခုတ် ပျိုးနုတ်နှင့်နေ့စားအလုပ်များကိုလည်းလုပ်ဆောင်ကြသည်။ အမျိုးသမီးများအနေဖြင့်ကောက်စိုက်၊ ကောက်ရိတ်၊ တောင်းရောင်းနှင့် မုန့်ရောင်း အလုပ်များလုပ်ဆောင်ကြသည်။
- ဝင်ငွေရှိသောအလုပ်များနည်းပါးသောကြောင့် စားဝတ်နေရေးအတွက် အခက်အခဲရှိသည်။
- အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသောကြောင့် [illegible]လတွင် အားလပ်ချိန် အပြည့်ရှိပြီး ကျန်လများတွင် အားလပ်ချိန် အနည်းငယ်ရှိသည်။
- အချို့သောလများတွင်ဝင်ငွေနှင့်ထွက်ငွေ အဆင်မပြေကြပြီး ပွဲတော်ရှိသောလများတွင်ထွက်ငွေများလေ့ရှိသည်။

ပူးပေါင်းပါဝင် ဆွေးနွေးသူ - ကျား ( 5 )၊ မ ( 17 )

## ၃။ ဥစ္စာခနကြွယ်ဝမှုပြဇယား (Wealth Ranking)



ဥစ္စာခနကြွယ်ဝမှု ဇယား

ကျေးရွာ - ဖြိုင်သာယာ

နေ့စွဲ - 3.6.19

| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ပထမအဆင့် | တိုက်အိမ်၊ သစ်အိမ်၊ လယ် (၁-၁၀)၊ နွား၊ ဆိုင်ကယ်၊ ကား၊ လယ်ထွန်စက်၊ စက်လှေ၊ TV၊ | 13 | ၁၈% |
| ဒုတိယအဆင့် | သစ်အိမ်၊ လယ် (၆)၊ ဆိတ်၊ ဆိုင်ကယ်၊ စက်လှေ၊ နွား၊ ကြက်၊ ဝက်၊ | 45 | ၆၂% |
| တတိယအဆင့် | ဓါးအိမ်၊ ဆိတ်၊ လှေ၊ ဝက်၊ ကြက်၊ စက်ဘီး | 15 | ၂၀% |
| | စုစုပေါင်း | 73 | ၁၀၀% |

ပါဝင်ဆွေးနွေးသူ - ကျ - 7 မ - 35

## ဥစ္စာဓန ကြွယ်ဝမှု


### ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ကျေးရွာအုပ်စု [illegible] ကျေးရွာ [illegible] ရက်စွဲ 3.6.19

- ကျေးရွာတွင် ဥစ္စာဓနသတ်မှတ်ချက် ပထမအဆင့်၊ ဒုတိယအဆင့်၊ တတိယအဆင့် ဟူ၍ သုံးဆင့်ရှိသည်။ ပထမအဆင့်တွင် အိမ်ထောင်စု (13)၊ ဒုတိယအဆင့်တွင် (45)၊ တတိယအဆင့်တွင် (15) အိမ်ထောင်စု၊ စုစုပေါင်း အိမ်ထောင်စု (73) စု ရှိသည်။
- ပထမအဆင့်တွင် တိုက်အိမ်၊ လယ် (၁မှ၁၀) ဧက၊ နွား၊ ဆိုင်ကယ်၊ ကား၊ လယ်ထွန်စက်တို့ ပိုင်ဆိုင်ကြပြီး၊ ဒုတိယအဆင့်တွင်၊ လယ် (၅) ဧက၊ ဆိုင်ကယ်၊ စက်လှေ၊ နွား၊ ကြက်၊ ဝက်တို့ ပိုင်ဆိုင်ကြပြီး၊ တတိယအဆင့်တွင် ဝါးအိမ်၊ ဆိုက်ကား၊ လှေ၊ ဝက်၊ ကြက်၊ [illegible] တို့ ပိုင်ဆိုင်ကြသည်။
- တတိယအဆင့်တွင် ရှိသောအိမ်ထောင်စုများသည် များသောအားဖြင့် လယ်ယာမရှိခြင်း၊ ငွေရေးပုံနှင့်လည်ပတ်မှုမရှိခြင်း၊ အလုပ်အကိုင် အတည်တကျမရှိခြင်းကြောင့်ဖြစ်သည်။

ပူးပေါင်းပါဝင်ဆွေးနွေးသူ - ကျား (7)၊ မ (35)

## ၄။ ကျားမ ပင့်ကူအိမ်သုံးသပ်ခြင်း(Cob Web)



ပင့်ကူအိမ်

ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း


ကျေးရွာအုပ်စု ဆင်ကူး ကျေးရွာ မြို့ကားဘာဟာ ရက်စွဲ 3.6.19


- ဝင်ငွေရရှိမှု၊ အလုပ်အကိုင်၊ ကျန်းမာရေးနှင့် လုံခြုံမှုတို့တွင် အမျိုးသမီးများ အားနည်းသည်။ အကြောင်းမှာ အမျိုးသမီးများသည် ကိုယ့်ကိုကိုယ် ယုံကြည်မှု အားနည်းခြင်း၊ အိမ်မှုကိစ္စများတွင် အချိန်ကုန်ခြင်းကြောင့် ဖြစ်သည်။

- အမျိုးသားများသည် အပြင်အလုပ်၊ ဝင်ငွေရရှိသော အလုပ်များကို လုပ်ဆောင်ကြရသောကြောင့် အိမ်မှုကိစ္စများတွင် အားနည်းကြရခြင်း ဖြစ်သည်။

- အမျိုးသမီးများကို ရပ်ရွာ့ မိုး၊ ရေး၊ ကိစ္စများတွင် ပါဝင်မှုအား ပေးလာစေရန် အမျိုးသားများက လက်တွဲဖော်ခြင်းအားဖြင့်လည်းကောင်း အိမ်မှုကိစ္စများတွင် အမျိုးသားများက ဝိုင်းဝန်းကူညီပေးခြင်းအားဖြင့်လည်းကောင်း အမျိုးသားနှင့် အမျိုးသမီး တန်းတူ ဖြစ်လာမည် ဖြစ်သည်။

စုစုပေါင်း ပါဝင်ဆွေးနွေးသူ - ကျား ( 12 )၊ မ ( 40 )


အရင်းအမြစ်သုံးစွဲမှုဇယား
ကျေးရွာ - မြိုင်သာယာ
နေ့စွဲ - 3.6.19
က
မ
က + မ
ထွန်စက်
အပ်ချုပ်စက်
ရေတွင်း
လမ်း
ကျောင်း
ဘုန်းကြီးကျောင်း
အင်း
ကား
ဆိုင်ကယ်
ဆိုလာပြား
ပါဝင်ဆွေးနွေးသူ က - 7
မ - 35


အရင်းအမြစ်ထိန်းချုပ်မှုဇယား
ကျေးရွာ - ဖိုးသာယာ
နေ့စွဲ - 3.6.19
က
ခ
က + ခ
ထွန်စက်
ရေတွင်း
ဘုန်းကြီးကျောင်း
ကား
စာကြည့်တိုက်
ဆိုင်ကယ်
အင်း
ကျောင်း
သုသာန်
ပါဝင်ဆွေးနွေးသူ က - 7
ခ - 35

## အရင်းအမြစ် သုံးစွဲမှုနှင့် ထိန်းချုပ်မှု

## ဆွေးနွေးခြင်းနှင့် အကဲဖြတ်ခြင်း

ကျေးရွာအုပ်စု ___သစ်ကြူ___ ကျေးရွာ ___မြို့ဖြသာယာ___ ရက်စွဲ ___3.6.19___

- လယ်ထွန်စက်ကို အမျိုးသားသီးသန့်သုံးစွဲပြီး အပင်ချစက်ကို အမျိုးသမီးသီးသန့်သုံးစွဲသည်။
- ရေတွင်း၊ ဆိုလာ၊ ကျောင်း၊ အသင်း၊ ဘုန်းကြီးကျောင်း၊ ကား၊ ဆိုင်ကယ်၊ ဓာတ်ကြိုးဝိုင်၊ ဇရပ်၊ ဥယျာဉ်နှင့် ဆိုလာမီး စသည်တို့ကို အမျိုးသားနှင့် အမျိုးသမီးတန်းတူသုံးစွဲကြသည်။
- လယ်ထွန်စက်၊ အပင်ချစက်၊ ရေတွင်း၊ ဆိုလာ၊ လမ်း၊ ကျောင်း၊ အသင်း၊ ဘုန်းကြီးကျောင်းနှင့် ဆိုလာ စသည်တို့ကို အမျိုးသားနှင့် အမျိုးသမီးတန်းတူထိန်းချုပ်ကြသည်။
- ကျေးရွာတွင်းမှာ သောအားဖြင့် အမျိုးသားနှင့် အမျိုးသမီးများသည် အရင်းအမြစ်များကို တန်းတူသုံးစွဲပြီး တန်းတူထိန်းချုပ်ကြသည်။

ပူးပေါင်းပါဝင်ဆွေးနွေးသူ - ကျား ( 7 ) ၊ မ ( 35 )

## ၆။ အဖွဲ့အစည်းချိတ်ဆက်မှုပြဇယား (Veen Diagram)




ဗင်းပုံ
ကျေးရွာ - မြိုင်သာယာ
နေ့စွဲ - 3.6.2019
ဂေါပက
သာရေးနာရေး
ကျေးရွာလူထု
လူငယ်
ကျောင်းကော်မတီ
ကျေးလက်
peace wind Japan
ပါဝင်ဆွေးနွေးသူ

## ဗင်းပုံ

## ဆွေးနွေးခြင်းနှင့် ဆန်းစစ်ခြင်း

ကျေးရွာအုပ်စု ဘင်ကျ၊ ကျေးရွာ မြို့ဆိပ်ကလေး ရက်စွဲ 3.6.19

- အုပ်ချုပ်ရေး၊ ဂေါပက၊ ကျောင်းကော်မတီ၊ ရပ်မိရပ်ဖ၊ ကူညီရေးအဖွဲ့တို့သည်ကျေးရွာဖွံ့ဖြိုးအဖွဲ့အစည်းများဖြစ်သည်။
- Peace Wind Japan၊ ကျေးလက်ဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့တို့သည် ကျေးရွာဖွံ့ဖြိုးအဖွဲ့များဖြစ်သည်။
- ရပ်ရွာဖွံ့ဖြိုးရေးအတွက် ကျေးရွာတွင်းရှိအဖွဲ့အစည်းများသည် အတူတကွလက်တွဲပြီး ပူးပေါင်းဆောင်ရွက်ကြသည်။
- ကျေးရွာတွင် အမျိုးသမီးသီးသန့်ဖွဲ့စည်းထားသောအဖွဲ့ မရှိပေ။ ကျောင်းကော်မတီအဖွဲ့၊ ကူညီရေးအဖွဲ့တို့တွင် အမျိုးသမီးများ ပူးပေါင်းပါဝင်မှုရှိသည်။
- ရပ်ရွာဖွံ့ဖြိုးအုပ်ချုပ်ရေးအဖွဲ့သည် ကျေးရွာတွင်းရှိ အုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက်မှုအားကောင်းသည်။

ပူးပေါင်းပါဝင်ဆွေးနွေးသူ - ကျား ( 5 )၊ မ ( 17 )

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ဆောင်ရွက်မှုမှတ်တမ်း





ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| |
|---|
| လမ်းညွှန်ချက်။ ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီးသွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအားကျေးရွာအချက်အလက်များကိုမေတ္တာရပ်ခံ၍တောင်းခံရသည်။ဤအချက်အ ည်။ဤအချက်အလက်များကိုစီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှ တဆင့် ဖြည့်သွင်းရမည်။ |

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏အမည် |
|---|---|---|
| ဦးကျော့်ထဲ | 09-255763243 | နော်မိုးဖော် |

| ပြည်နယ်၊တိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| ကရင် | လှိုင်းဘွဲ့ | တစကု | ဖိုးဇသာယာ |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁)-ကရင်---- | 73 | ဘာသာ(၁)-ဗုဒ္ဓဘာသာ | 73 |
| လူမျိုးစု (၂)------------ | | ဘာသာ(၂)------------ | |
| လူမျိုးစု (၃)------------ | | ဘာသာ(၃)------------ | |
| လူမျိုးစုရော------------- | | ဘာသာရော----------- | |
| အခြား | | | |

| | အရေအတွက် |
|---|---|
| မသန်စွမ်းသူများ | 3 |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | 14 |
| စစ်ဘေးရှောင် | 0 |

| | အမျိုးသား(အရေအတွက်) | အမျိုးသမီး(အရေအတွက်) | စုစုပေါင်းအရေအတွက် |
|---|---|---|---|
| လူဦးရေ | | | |
| လူမျိုးစု (၁)-ဘာရင် | 186 | 251 | 437 |
| လူမျိုးစု (၂)---------- | | | |
| လူမျိုးစု (၃)---------- | | | |
| အခြား | | | |
| အိမ်ထောင်ဦးစီး | 47 | 26 | 73 |

**(ခ)အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေးအဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| မှတ်ချက် | | မှတ်ချက် | | မှတ်ချက် | |

## (ဂ)ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သောကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂)ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☐ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☑ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့်လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ(အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း မော်တော်ဆိုင်ကယ်လမ်း

ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား __________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှု စီမံချက်ရှိခဲ့ပါသလား? (ရှိပါသည်)/မရှိပါ/မသိပါ ဝိုင်းပါ Peace Wind Japan (PWJ)

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? ခုနှစ် 2018 /မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? (ပြုခဲ့ပါသည်)/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

၁ မိုင် ၆ ဖါလုံ

(၁) ဤကျေးရွာ၏ဗဟိုမှငင်းကျေးရွာအုပ်စု၏ဗဟိုအထိခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်--------/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိသွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်--15 မိနစ်--ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/

အခြား --ကား (15 မိနစ်)

မိုးရာသီတွင်ကြာချိန်--10 မိနစ်--ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင်/လှား/မော်တော်ဘုတ်/

အခြား --ရေ (လှေကျော်) (မိနစ် 30)

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာသဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင်ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐မရှိပါ ☑ရှိပါသည် ရှိလျှင်ဖော်ပြပါ--ရေကြီး ရေလျှံ (စပါးခင်းပျက်စီး)

**(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ**

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ(သို့)ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) --မရှိ--

(၂) ----------------------------------

**(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း**

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐မရှိပါ ☑ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် ဦးကျော်ဘို

လက်မှတ် နေ့စွဲ ၂၁.၅.၂၀၁၉

လူထုစည်းရုံးရေးမှူး အမည်

လက်မှတ် နေ့စွဲ

## ၉။ စီမံကိန်းစက်ဝန်းအချိန်ဇယား(PC 2)

### ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

| | | | |
|---|---|---|---|
| *လမ်းညွှန်ချက်။* သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။ | | | |
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် အောင်မိုးကျော် | | | |
| နေ့စွဲ ၃-၆-၁၉ | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) ☑ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | |
| ပြည်နယ်/တိုင်း ကချင် | မြို့နယ် [illegible] | ကျေးရွာအုပ်စု [illegible] | ကျေးရွာ [illegible] |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသားအရေအတွက် | အမျိုးသမီးအရေအတွက် | အိမ်ထောင်စုအရေအတွက် | လူမျိုးစုတက်ရောက်သူအရေအတွက် နှင့် လူမျိုးစုအမည် | | အိမ်ထောင်စုပေါင်း | အိမ်ထောင်စု % |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | ၃-၆-၁၉ | ၃-၆-၁၉ | ၁၂ | ၄၀ | ၅၂ | ၅၂ | ကချင် | ၇၃ | ၇၁% |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်းအစည်းအဝေး | ၃-၆-၁၉ | ၃-၆-၁၉ | ၁၂ | ၄၀ | ၅၂ | ၅၂ | ကချင် | ၇၃ | ၇၁% |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | | | | | | | | | |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | ၁၂-၇-၁၉ | ၁၂-၇-၁၉ | မလို | မလို | မလို | မလို | | | |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | | | | | | | | | |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ရေးအစီအစဉ် ရေးဆွဲခြင်း | | | | | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးဦးစီးပေးအစီအစဉ် (PC 3)

ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| |
|---|
| လမ်းညွှန်ချက်၊ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်နှင့်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြု ကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် |
| နေ့စွဲ 3.6.2019 \| စက်ဝန်းအား အမှတ်ခြစ်ပါ (✓) ☐ စက်ဝန်း(၁) ✓ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) |
| ပြည်နယ်/တိုင်း ကရင် \| မြို့နယ် လှိုင်းဘွဲ့ \| ကျေးရွာအုပ်စု ဆင်ကျုံး \| ကျေးရွာ ဖိုးဘိုသာ |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖော်ပြပါ)

| | အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | မိုးရာသီတွင် ရေကြီးသောကြောင့် သွားလာရ ခက်ခဲခြင်း | ၁ | မိုးရာသီတွင် မြက်ထခြင်း၊ နွေရာသီတွင် ဖုန်ထခြင်းကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း |
| ၂ | ဆရာမ များအတွက် နေထိုင်ရန် အဆောင်မရှိသည့် အခက်အခဲ | ၂ | ရေကြီးချိန်တွင် လှေမလုံလောက်သောကြောင့် ကျောင်းသူ/သားများ သွားလာရခက်ခဲခြင်း |
| ၃ | ၅ နှစ်အောက် ကလေးများအတွက် မူကြို ကျောင်းမရှိသောကြောင့် ပညာရေးအခက်အခဲရှိခြင်း | ၃ | ကျောင်းတွင်း ရေကန်မရှိသောကြောင့် ကျောင်းသူ/သားများ ရေသောက်ရခက်ခဲခြင်း |
| ၄ | လျှပ်စစ်မီးမရှိသောကြောင့် ညဘက်သွားလာရခက်ခဲခြင်း | ၄ | ကျောင်းပရိဘောဂ မလုံလောက်သောကြောင့် ကျောင်းသူ/သားများ စာသင်ရာတွင်အခက်အခဲရှိခြင်း |
| ၅ | မိုးရာသီတွင် ရေကြီးသောကြောင့် လှေမလုံလောက်သောအခါ ကလေးများကျောင်းသွားရခက်ခဲခြင်း | ၅ | ကျောင်းသူ/သားများအတွက် စာသင်ဆောင် မလုံလောက်ခြင်း |
| ၆ | ကျန်းမာရေးဆရာမ အားနည်းသောကြောင့် ကျန်းမာရေးလက်လှမ်းမှီမှု မရှိခြင်း | ၆ | အလယ်တန်းတက်မည့်ကျောင်းသား/သူများ အဝေးကျောင်းသို့ ကျောင်းတက်ရန် ငွေကြေးမတတ်နိုင်ခြင်း |
| ၇ | နွေရာသီတွင် သောက်သုံးရေ အခက်အခဲရှိခြင်း | ၇ | ဆေးပေးခန်းမရှိခြင်းကြောင့် ကျောင်းသူ/သားများ ဆေးပေါ်ဖို့ရန် ခက်ခဲခြင်း |
| ၈ | | ၈ | ငွေကြေးမလုံလောက်၍ အိမ်သာမဆောက်နိုင်သဖြင့် ကျန်းမာရေး အခက်အခဲဖြစ်ခြင်း |
| ၉ | | ၉ | ယာယီထိုက်ခင်းများ မလုံလောက်သောကြောင့် စပါးပျက်စီးသောအခက်အခဲ |
| ၁၀ | | ၁၀ | ရွာတွင်း ရေတွင်းများ အမိုးအကာမရှိခြင်းကြောင့် ကလေးများအတွက် အန္တရာယ်ရှိခြင်း |


၁၁. စိုက်ပျိုးရေးအတွက် ဓာတ်မြေဩဇာများ ဈေးမြင့်ခြင်း၊ ရင်းနှီးငွေ နည်းပါးခြင်းအခက်အခဲ

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| 1. | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန် ကောင်းမွန်လာပြီး သွားလာရေးနှင့် စီးပွားရေး အဆင်ပြေလာမည် | ၁. | လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာလျှင် ပညာရေး၊ စီးပွားရေး၊ လူမှုရေး အဆင်ပြေလာမည် |
| ၂. | ဆေးပေးခန်း ရရှိလာပြီး ကျောင်းသူ/သားများ ကျန်းမာရေးအတွက် အထောက်အကူဖြစ်လာမည် | ၂. | လျှပ်စစ်မီးရရှိလာလျှင် သွားလာရေး၊ အိမ်မှုကိစ္စ၊ အရာရာ အဆင်ပြေလာမည် |
| 3. | အလယ်တန်းကျောင်း ရရှိလာလျှင် ကလေးများအတွက် ပညာရေး အဆင်ပြေလာမည် | ၃. | ဆေးပေးခန်း ရရှိလာလျှင် ကျန်းမာရေးလက်လှမ်းမှီလာမည် |
| 4. | လျှပ်စစ်မီး ရရှိလာလျှင် ကျောင်းသူ/သားများ အတွက် အဆင်ပြေလာပြီး ဆက်သွယ်ရေး ကောင်းမွန်လာမည် | ၄. | ဆရာ/မ နေထိုင်ရန် အဆောင် ရရှိလာလျှင် ပြေပ ဆရာ/မ အတွက် နေထိုင်ရေး အဆင်ပြေလာမည် |
| 5. | မူလတန်းအဆင့် အတန်းမြှင့်တင်လာပြီး ပညာတတ်များ ပေါ်များလာစေရမည် | ၅. | ~~ကျောင်းဆောက်တိုင်း ရရှိလာလျှင် ကလေးများအတွက် [illegible] ရှိလာမည်~~ |
| 6. | ဆရာမ ကျောင်းဆောင် ရရှိလာလျှင် ပြေပ ဆရာမ အတွက် နေထိုင်ရေး အဆင်ပြေလာမည် | ၆. | အလယ်တန်း၊ အထက်တန်း ကျောင်းတိုးမြှင့် ဖွင့်ပေးလာလျှင် ကလေးများအတွက် အဆင်ပြေလာမည် |
| 7. | အလုပ်အကိုင် အခွင့်အလမ်းသစ်များလာ စေရမည် | 7. | စာကြည့်တိုက် ရရှိလာလျှင် ကျောင်းသူ/သား အတွက် |
| | | | |
| | | | |
| | | | |
| | | | |

၈။ လူထုစီပံကိန်း၏ လာမည့် (၄) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အသင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေ အတွက် |
|---|---|---|---|---|
| ၁ | ညှပ်ခွဲလမ်းဖို့လင်းရေး လုပ်ငန်း (2370') | အမျိုးသား+အမျိုးသမီး | 10200000 | 437 |
| ၂ | ကျောင်းဆောင်သစ်တစ်လုံး ဆောက်ခြင်း (60'x30') | ။ | 32400000 | ။ |
| ၃ | စက်ရေတွင်း ① တွင်း | အမျိုးသား | 13500000 | ။ |
| ၄ | ရွာတွင်းကွန်ကရစ်လမ်း ခင်းခြင်း ① မိုင် | အမျိုးသား+အမျိုးသမီး | 79200000 | ။ |
| ၅ | အရာ၊မ ဓမ္မာရုံ ဆောက်လုပ်ခြင်း (25'x15') | အမျိုးသား | 6750000 | ။ |
| ၆ | ရွာချင်းဆက်ကွန်ကရစ်လမ်း ခင်းခြင်း (မြို့ဘဏ်ယာ+ဘင်ကျေး) ① မိုင် | အမျိုးသား+အမျိုးသမီး | 79200000 | ။ |
| ၇ | ဆေးပေးခန်း တစ်ခုဆောက် ခြင်း (30'x15') | ။ | 8100000 | ။ |
| ၈ | မူကြိုကျောင်းဆောက်လုပ် ရန် (40'x20') | အမျိုးသား | 25200000 | ။ |
| ၉ | ရွာချင်းဆက်ကွန်ကရစ်လမ်း ① မိုင် ခင်းရန် (မြို့ဘဏ်ယာ+ဆောင်းဘက်ကျေး) | အမျိုးသမီး | 79200000 | ။ |
| ၁၀ | နှစ်သက်ကျေး ဦး စင်တည်ဆောက် ခြင်း | အမျိုးသား+အမျိုးသမီး | 5000000. | ။ |



အစည်းအဝေးမှတ်တမ်း

ကျေးရွာအမည် - ကရင်စု

ကျေးရွာအုပ်စုအမည်- ဘင်ကျွန်း

အချိန်/နေ့ရက်- ၄.၆.၂၀၁၉ ( 9AM )

နေရာ စီမံအောက်ခုရွာဌာနအိမ်

အစည်းအဝေးပြုလုပ်ရခြင်းအကြောင်းအရာ ...ပ-ဒု...အကြောင်း....အစည်းအဝေး...ကျင်းပခြင်း

ဆွေးနွေးချက်နှင့် ဆုံးဖြတ်ချက်

ပထမဦးစွာ တက်ရောက်သူတွေအား PC - ll အား ကြိုဆိုပါသည်။ ထို့နောက် အစည်းအဝေး ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို လူထုစည်းရုံးရေးမှူး မှ ကျေးရွာလူထုသို့ ရှင်းလင်းတင်ပြခဲ့ပါသည်။ အစီအစဉ်အရ ကျေးရွာ ခေါင်းဆောင်မှ အမှန်ပြဿနာများ မေးမြန်းခဲ့ပါသည်။ ထို့နောက် စီမံကိန်း အကြောင်း ပြန်လည်တင်ပြခြင်း အစီအစဉ်ကို လူထုစည်းရုံးရေးမှူး ဦးအောင်ဝင်းထော်မှ ဦးအောင်ကော (စီမံကိန်းမိတ်ဆက်) ကာလ(၁၀)လ ကာလ တစ်နှစ်ချင်းကို ကျေးရွာလူထုအား ရှင်းပြပေးခဲ့ပါသည်။ ရန်ပုံငွေ ခွဲဝေမှု အဆင့်ဆင့် နှင့် စီမံကိန်းလက်တွေ့ အဆင့် (၆) ဆင့် အပိုင်း (၁၄) ပိုင်း ကိုလည်း ကျေးရွာလူထု နားလည်သဘောပေါက်စေရန် ရှင်းလင်းတင်ပြခဲ့ပါသည်။ အစီအစဉ်အရ လူမှုစီးပွားရေး အား ပြန်လည်သုံးသပ်ခြင်း အဆင့်ပြုခြင်းကို PRA Tools (၆)မျိုးဖြင့် ဆိုးဝါး အလားအလာများ ပြုလုပ်ခဲ့ပါသည်။

ထိုသို့ဆွေးနွေးရာတွင် ကျေးရွာ တက်ရောက် ပါဝင်ဆွေးနွေးပေးခဲ့ပါသည်။

အစီအစဉ်ကာလ အတွင်း ပြဿနာ အကြောင်းအရာ များအား သုံးသပ် အတည်ပြုခြင်းကို ကျေးရွာလူထုအားလုံးမှ ပါဝင် သုံးသပ် အတည်ပြုပေးခဲ့ပါသည်-
ထို့နောက် လုပ်ငန်းခွဲ ဦးစားပေး များအား မဲပေးစနစ်ဖြင့် ဖော်ထုတ် ရွေးချယ်ခြင်း၊ သတ်မှတ်ခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ ကျေးရွာ၏ ဦးစားပေး လုပ်ငန်း ဦးစားပေး ( ) ရေပေးဝေရေးစနစ် တည်ဆောက်ခြင်း (၆) ကို ဦးစားပေးလုပ်ငန်း အဆင့် (၁)အဖြစ် ရွေးချယ် သတ်မှတ်ခဲ့ကြသည်။

ထို့နောက် လူထုစည်းရုံးရေးမှူးမှ စီမံကိန်းအတွင်း၌ အကျုံးဝင်၊ မဝင် လုပ်ငန်းများ အကန့်အသတ်များအား ဖော်ထုတ် ရှင်းလင်းတင်ပြခဲ့ပါသည်။ အစီအစဉ်အရ ကျေးရွာ စီမံခန့်ခွဲမှုအဖွဲ့ ကော်မတီအား ဖော်ထုတ် အတည်ပြုခြင်းကို ကျေးရွာလူထုမှ မဲပေး ရွေးချယ်စနစ်ဖြင့် ပြုလုပ်ခဲ့ပါသည်။ ထို့သို့ ရွေးချယ်အတည်ပြုရာတွင် [illegible] သော ဝယ်ယူရေးအဖွဲ့တွင် [illegible] ကျေးရွာမှ တစ်ဦးစီ ရွေးချယ်တင်မြှောက်ပါသည်။ ကျေးရွာ ... ကျေးရွာမှ နောက်ထပ်တစ်ဦးအား မဲပေး ရွေးချယ်တင်မြှောက်ခဲ့ပါသည်။ ... တင်မြှောက်ခဲ့ပါသည်။

အစီအစဉ်ကာလ လက်တွေ့ကွင်းဆင်းမှုမှ လူထုဗဟိုပြု စီမံကိန်း၏ သတင်းအချက်အလက် အချက်များအား ဖော်ထုတ် ရှင်းလင်းဆွေးနွေး တင်ပြခဲ့ပါသည်။ ထို့နောက် ကျေးရွာ စီမံကိန်းမှ ကျေးဇူးတင် စကားပြောကြားခြင်းဖြင့် နိဂုံးချုပ်ခဲ့ပါသည်။

မှတ်တမ်းတင်ပြုစုသူ - အမည် - နန်းအေးအေးလွင် လက်မှတ်- Aye နေ့ရက်- 4.6.2019

အတည်ပြုသူ - အမည် - ဦးအောဒီ လက်မှတ်- [signature] နေ့ရက်- 4.6.2019

## ၁၂။ ကဏ္ဍအလိုက်ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ

| ကဏ္ဍ | စဉ် | လုပ်ငန်းအမျိုးအစား | အဆိုပြုသူ (အမှန်ခြစ်ရန်) | | | ခုနှစ် | ထောက်ပံ့မည့်အဖွဲ့အစည်း (သို့) ဌာန | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား+မ | | | |
| အခြေခံအဆောက်အဦးကဏ္ဍ (လမ်း/တံတား/ရေရရှိရေး/မီးလင်းရေး ) | ၁ | လျှပ်စစ်မီးလင်းရေး | | | √ | ၂၀၁၉ | CDD & DRD | |
| | ၂ | စက်ရေတွင်း | √ | | | ၂၀၂၁ | CDD & DRD | |
| | ၃ | ရွာတွင်းကွန်ကရစ်လမ်း | | | √ | ၂၀၂၁ | CDD & DRD | |
| | ၄ | ရွာချင်းဆက်လမ်း | | | √ | ၂၀၂၂ | DRD | |
| | ၅ | | | | | | | |
| လူမှုစီးပွားရေးကဏ္ဍ (ပညာရေး/ကျန်းမာရေးနှင့်ဆိုင်သော အဆောက်အဦးများနှင့် အခြားလိုအပ်ချက်များ) | ၁ | စာသင်ကျောင်းတည်ဆောက်ခြင်း | | | √ | ၂၀၂၀ | CDD & DRD | |
| | ၂ | ဆရာ/မအဆောင် | | | √ | | ပညာရေးဝန်ကြီးဌာန | |
| | ၃ | ဆေးပေးခန်းတည်ဆောက်ခြင်း | | | √ | | ကျန်းမာရေးဝန်ကြီးဌာန | |
| | ၄ | မူကြိုကျောင်းဆောင်သစ် | √ | | | | ပညာရေးဝန်ကြီးဌာန | |
| | ၅ | ကျောင်းအားကစားပစ္စည်း | | √ | | | | |
| သက်မွေးဝမ်းကြောင်းကဏ္ဍ (စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆိုင်သော အဆောက်အဦးများနှင့် အခြားလိုအပ်ချက်များ) | ၁ | စိုက်ပျိုးရေးနည်းပညာ | | √ | | | | |
| | ၂ | အိမ်တွင်းမှုသင်တန်း | | √ | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| သဘာဝဘေးအန္တရာယ် လျော့ပါးရေး ကဏ္ဍ | ၁ | | | | | | | |
| | ၂ | | | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |
| အခြားကဏ္ဍ (ဌာနဆိုင်ရာများသို့ လွှဲပြောင်းနိုင်ခြင်းနှင့် အကောင်အထည်ဖေါ်ဆောင်ရွက်ပေးနိုင်ခြင်းမရှိသော လုပ်ငန်းများ) | ၁ | နစ်သစ်ကူးဒုံးစင်တည်ဆောက် | | | √ | | | |
| | ၂ | စက်လှေ | √ | | | | | |
| | ၃ | | | | | | | |
| | ၄ | | | | | | | |
| | ၅ | | | | | | | |